# မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း(၂၀၁၇) မှ ကောက်ယူရရှိခဲ့သည့် အချက်အလက်များကို အခြေခံ၍ ပြုစုထုတ်ပြန်သည့် လူမှု-စီးပွားအစီရင်ခံစာ(Socio-economic Report) မိတ်ဆက်ပွဲအခမ်းအနားကျင်းပ

## နေပြည်တော်

**၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ(၇) ရက်နေ့**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့နှင့် ကမ္ဘာ့ဘဏ် (WorldBank)၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)တို့ ပူးပေါင်းဆောင်ရွက်ခဲ့သည့် မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း(၂၀၁၇)မှ ကောက်ယူရရှိသည့် အချက်အလက်များကို အခြေခံ၍ ပြုစုထုတ်ပြန်သည့် လူမှု-စီးပွားအစီရင်ခံစာ(Socio-economic Report) မိတ်ဆက်ပွဲ အခမ်းအနားကို ၂၀၂၀ ပြည့်နှစ်၊ ဖေဖော်ဝါရီလ(၇)ရက်နေ့တွင် သင်္ဂဟဟိုတယ်၊ နေပြည်တော်၌ ကျင်းပပြုလုပ်ခဲ့ရာ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးဆက်အောင်က အဖွင့်အမှာစကား ပြောကြားခဲ့ပါသည်။

ဆက်လက်၍ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်(UNDP)မှ ယာယီဌာနေကိုယ်စားလှယ် Mr.Gordon Johnson နှင့် ကမ္ဘာ့ဘဏ်(World Bank)မှ ပရိုဂရမ်ခေါင်းဆောင် Ms.Bronwyn Grieve တို့က နှုတ်ခွန်းဆက် အမှာစကား ဆက်လက်ပြောကြားခဲ့ပါသည်။

ထို့နောက် ဗဟိုစာရင်းအင်းအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဦးဆန်းမြင့်က အစီရင်ခံစာတွင် ဖော်ပြထားသည့် အဓိကတွေ့ရှိချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး ဗဟိုစာရင်းအင်းအဖွဲ့၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်နှင့် ကမ္ဘာ့ဘဏ်တို့မှ တာဝန်ရှိသူများက တွေ့ရှိချက်များနှင့် စပ်လျဉ်း၍ အသီးသီးဆက်လက်ရှင်းလင်း ပြောကြားခဲ့ပါသည်။

ဆက်လက်၍ **Panel Discussion** ကို စီးပွားရေးပညာရှင် ဦးခင်မောင်ညို က ဦးဆောင်၍ **“Major Policy Implications of the Socio-Economic Report”** ခေါင်းစဉ်ဖြင့် ကျင်းပ ပြုလုပ်ရာ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်မှ စီးပွားရေးပညာရှင် Dr.Bishwa Nath Tiwari၊ ကမ္ဘာ့ဘဏ်မှပညာရေးဆိုင်ရာကျွမ်းကျင်သူ ဒေါ်မာမာသွင်၊ ဗဟိုစာရင်းအင်းအဖွဲ့ဒုတိယညွှန်ကြား ရေးမှူးချုပ် ဦးသန်းဇော်၊ အလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်စန္ဒာအေးနှင့် မြန်မာဖွံ့ဖြိုးမှုအဖွဲ့အစည်းမှ အကြီးတန်းသုတေသနပညာရှင် ဒေါက်တာခင်မောင်ညွန့် တို့က ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများမှသိလိုသည်များ မေးမြန်းဆွေးနွေး

ခဲ့ကြပါသည်။

လူမှု-စီးပွားအစီရင်ခံစာသည် နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ပြည်နယ်များအားလုံးရှိ မြို့နယ်ပေါင်း(၃၃၀)မြို့နယ်တွင် စာရင်းကောက်ကွက်(၁၁၄၅)ခုမှ အိမ်ထောင်စုပေါင်း(၁၃၇၃၀)ရှိ မြန်မာပြည်သူ ၆၀,၀၀၀ ကျော်၏ လူမှု-စီးပွားနှင့် ကျန်းမာပျော်ရွှင်မှုအခြေအနေကို (၃)လပတ်အလိုက် တစ်နှစ်ပတ်လုံးကောက်ယူခဲ့သည့် ဘက်စုံလေ့လာဆန်းစစ်ထားသော မြန်မာနေထိုင်မှုအခြေအနေစစ်တမ်း(၂၀၁၇)မှ ကောက်ယူရရှိခဲ့သည့် ကိန်းဂဏန်းအချက်အလက်များကို အခြေခံ၍ စိစစ်ပြုစုခဲ့သည့် အစီရင်ခံစာဖြစ်ပါသည်။

အစီရင်ခံစာပါ အချက်အလက်များသည် ယုံကြည်စိတ်ချရပြီး တိကျမှန်ကန်သည့် အချက်အလက်များဖြစ်သဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် မူဝါဒများချမှတ်ရာတွင်လည်းကောင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ပန်းတိုင်များ(SDGs) အကောင်အထည်ဖော်ဆောင်ရာတွင်လည်းကောင်း အသုံးပြုနိုင်စေရန်နှင့် ကိန်းဂဏန်းအသုံးပြုသူများ အသုံးပြုနိုင်စေရန် ဖြစ်ပါသည်။

အခမ်းအနားသို့ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ သက်ဆိုင်ရာဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ NSDS Cluster အဖွဲ့ခေါင်းဆောင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ အပါအဝင် စုစုပေါင်း(၂၀၀)ဦးခန့် တက်ရောက်ခဲ့ကြပါသည်။


WORLD BANK GROUP
UNDP
Launching Ceremony of the Socio-economic Report from the
Myanmar Living Conditions Survey 2017


Myanmar Living Conditions Survey 2017
2020
KWPF


Myanmar Living Conditions Survey
Socio-economic Report
ey 2017
Thingaha Hotel Nay Pyi Taw
KWPF
SWEDEN
MINISTRY FOR FOREIGN AFFAIRS OF FINLAND


Launching Ceremony of the
Myanmar Living
th February 20
Irish Aid
An Roinn Gnóthaí Eachtracha a
Department of Foreign Affairs a
thingaha


ching Ceremony of the Socio-
Myanmar Living Condit
bruary 2020
ralian
rish Aid
Gnóthaí Eachtracha agus Trádála
ent of Foreign Affairs and Trade
thingaha